HITACHI
Inspire the Next

# News Release

**FOR IMMEDIATE RELEASE**

**ဆက်သွယ်ရန်**
Singapore: Vanessa Ng
Hitachi Asia Ltd.
+65 6231 2434
vng@has.hitachi.com.sg



*TX ဒီဇိုင်းသစ် စက်လှေကား၏ အပြင်ဖက်မြင်ကွင်း*

## ဟီတာချီမှ အိန္ဒိယ၊ အာရှနှင့် အရှေ့အလယ်ပိုင်းဒေသများအတွက် TX စီးရီး စက်လှေကားအသစ်များကို မိတ်ဆက်လိုက်ပါသည်

တိုကျို၊ ဩဂုတ်၊ ၂၀၁၇ --- ဟီတာချီလီမိတက်နှင့် ဟီတာချီဆောက်လုပ်ရေးစနစ်ကုမ္ပဏီတို့မှ အိန္ဒိယ၊ အာရှနှင့် အရှေ့အလယ်ပိုင်းတို့အတွက် TX စီးရီး စက်လှေကားအသစ်များ မိတ်ဆက်လိုက်ကြောင်းကို ယနေ့တွင် ထုတ်ပြန်ကြေငြာခဲ့ပါသည်။ စက်လှေကားများကို တရုတ်နိုင်ငံတွင်*[1] ဖြန့်ချိခဲ့ပြီး ၂၀၁၇ ဩဂုတ်လ (၂၁)ရက်မှ စတင်၍ ဖော်ပြပါဒေသများတွင် ဖြန့်ချိမည်ဖြစ်ပါသည်။

၂၀၁၆ ခုနှစ်၊ ဇူလိုင်လတွင် ဟီတာချီသည် ဂျပန်နှင့်တရုတ်နိုင်ငံတို့မှ ၎င်း၏စက်လှေကားလုပ်ငန်းများကို ပြီးပြည့်စုံစေရန်အတွက် အရင်းအမြစ်များကို စုစည်းပြီး အဆိုပါနိုင်ငံ(၂)နိုင်ငံလုံးတွင် စီးပွားရေးလုပ်ငန်းဆိုင်ရာ စီမံကိန်းများကို တိုးမြှင့်ခဲ့ကာ တရုတ်နိုင်ငံ၊ ကွမ်ကျိုးဒေသကို အဓိကနေရာအဖြစ် အခြေပြုခဲ့ပါသည်။ ဟီတာချီမှ မိတ်ဆက်လိုက်သော TX စီးရီး စက်လှေကားအသစ်မှာ တရုတ်၊ အိန္ဒိယ၊ အာရှနှင့် အရှေ့အလယ်ပိုင်းဒေသများ၏ သတ်မှတ်ချက်အမျိုးမျိုးကို ပြည့်မီနိုင်မည့် ပုံစံအသစ်ဖြစ်ပါသည်။ အဆိုပါပုံစံသည် ၂၀၁၆ခုနှစ် စက်တင်ဘာလက စတင်မိတ်ဆက်ခဲ့သော အာရှနှင့် အရှေ့အလယ်ပိုင်းအတွက် ထိန်းချုပ်ခန်းမဲ့ဓာတ်လှေကားနှင့် အခြေခံအချက်များ အလားသဏ္ဍာန်တူညီပါသည်။ အချုပ်အားဖြင့် စက်လှေကားသုံးကိရိယာများအတွက် တရုတ်နိုင်ငံ၏ လုံခြုံရေးနှင့် အရည်အသွေးသတ်မှတ်ချက်များနှင့်

ကိုက်ညီနိုင်စေရန် TX စီးရီးများကို ဟီတာချီ၏ကိုယ်ပိုင် တင်းကျပ်သော လုံခြုံရေးနှင့် အရည်အသွေး သတ်မှတ်ချက်များနှင့်အညီ ထုတ်လုပ်သွားမည်ဖြစ်ကာ အခြားဒေသများ၏ လုံခြုံရေးဆိုင်ရာ သတ်မှတ်ချက်များနှင့်လည်း ပြည့်မီစေမည်ဖြစ်ပါသည်။ အသုံးပြုသူများ သက်တောင့်သက်သာရှိစေရန်နှင့် အမြဲတမ်းသတိရစေနိုင်မည့် စက်လှေကား ဖြစ်လာစေမည့်ပုံစံအပေါ် အခြေခံ၍ အဆိုပါစက်လှေကားများကို ပုံစံရေးဆွဲထားခြင်းဖြစ်ပါသည်။

TX စီးရီးများကို အမျိုးမျိုးသော ထုတ်ကုန်အရည်အသွေးများနှင့်အတူ ဝယ်ယူသူ၏ မတူညီသော လိုအပ်ချက်များအပေါ် မူတည်၍ ရောင်းချပေးနိုင်ရန် ပုံစံရေးဆွဲထားသော အကောင်းဆုံးဒီဇိုင်းနှင့် လုံခြုံရေးဆိုင်ရာ အချက်အလက်များဖြင့် ရွေးချယ် ဝယ်ယူနိုင်မည်ဖြစ်ပါသည်။ အဆိုပါစက်လှေကားများသည် လက်ရှိရှိနေသော စက်လှေကားများ*[2] နှင့် နှိုင်းယှဉ်လျှင် နေရာအနည်းငယ်ကိုသာ အသုံးပြုပြီး တပ်ဆင်ရန်လိုအပ်သော နေရာကို သက်သာစေမည်ဖြစ်ပါသည်။

ဟီတာချီသည် TX စီးရီးများကို ထိုင်းနိုင်ငံတွင် စတင်ရောင်းချမည်ဖြစ်ပြီး ဖိလစ်ပိုင်၊ မလေးရှားနှင့် အခြားဒေသများတွင်လည်း မိတ်ဆက်မည်ဖြစ်ကာ ၂၀၁၈ ခုနှစ်တွင် တရုတ်၊ အိန္ဒိယ၊ အာရှနှင့် အရှေ့အလယ်ပိုင်းတို့မှ မှာယူမှု စီးရေ (၁,၀၀၀) ရရှိရန် ရည်မှန်းချက်ထားရှိပါသည်။

■TX စီးရီး၏ အချက်အလက်များ

(၁) လုံခြုံစိတ်ချရမှု

TX စီးရီးများတွင် လုံခြုံစိတ်ချရမှုအတွက် အမျိုးမျိုးသော စနစ်သစ်များပါရှိကာ အသုံးပြုသူများ၏စိတ်တွင် ယုံကြည်စိတ်ချမှုရှိစေရန် ပုံစံရေးဆွဲထားပါသည်။ အသုံးပြုသူ၏ဖိနပ်သည် လှေကားထစ်နှင့်ဘေးဖက်နံရံကြားတွင် ညပ်မိတတ်သည့် မတော်တဆဖြစ်မှုမျိုးကို ကာကွယ်နိုင်ရန်အတွက် လှေကားထစ်များ၏ ဘေးဘက်သည် အလယ်အစိတ်အပိုင်းထက် ၈မီလီမီတာ ပိုမြင့်ပါသည်။ TX စီးရီးသစ်တွင် ခြေနင်းနေရာ၏ ဘယ်ဘက်နှင့် ညာဘက်နံရံများတွင် အမွေးမျှင်များ တပ်ဆင်ထားပြီး အသုံးပြုသူများအနေဖြင့် ၎င်းတို့၏ ဖိနပ်များဘေးဘက်နံရံနှင့် ထိကပ်နေလျှင် အလွယ်တကူ သိရှိနိုင်မည်ဖြစ်ပါသည်။ အသုံးပြုသူများ စက်လှေကားမှ အတက်အဆင်းပြုလုပ်ရာတွင် ခြေချော်ခြင်းမှ ကာကွယ်နိုင်ရန်အတွက် စက်လှေကား၏ အဝင်နှင့်အထွက် ခြေနင်းသတ္တုပြားများကို အထူးပြုလုပ်ထားပါသည်။

(၂) ဒီဇိုင်း


TX စီးရီးများကို အသုံးပြုသူများအတွက် ၎င်းတို့စီးနင်းနေစဉ် မမေ့နိုင်မည့် နူးညံ့မှု၊ လုံခြုံစိတ်ချရမှုနှင့် သက်တောင့်သက်သာရှိမှုတို့ကို ပေးစွမ်းနိုင်မည့် ရိုးရှင်းသောပုံစံဖြင့် ရေးဆွဲထားပါသည်။ ဥပမာအားဖြင့် စက်လှေကား၏ လက်ရမ်းနေရာကို ထောက်ပံ့ပေးထားသော သတ္တုဘောင်၏ အရွယ်အစားကို လျှော့ချပေးခြင်းဖြင့် TX ဒီဇိုင်းများသည် မှန်သားမျက်နှာပြင်၏ အရွယ်အစားကို တိုးချဲ့နိုင်ကာ လက်ကိုင်တန်းမှ ကားထွက်နေသော ပမာဏကို လျှော့ချခြင်းဖြင့် စက်လှေကား၏ အဝင်နှင့်အထွက် (ဆင်းသက်ရာနေရာ)တို့တွင် အလွန်ကောင်းမွန်သော ရိုးရှင်းမှုကို ရရှိစေမည်ဖြစ်ပါသည်။ TX စီးရီးများသည် လက်ရမ်းနှင့် ပတ်လည်နေရာများအားလုံး တောက်ပထွန်းလင်းနေစေရန်အတွက် အလင်းတိုးမြှင့်မှုကိုလည်း လုပ်ဆောင်နိုင်မည်ဖြစ်ပါသည်။

(၃) နေရာချွေတာနိုင်ခြင်း

အတိုင်းအတာပမာဏ*[3] ကို ၁၅၀ မီလီမီတာ လျှော့ချခြင်းဖြင့် အခြားထုတ်ကုန်ပုံစံများက တပ်ဆင်ရာ၌ အခက်အခဲ တွေ့နေစဉ်တွင် TX စီးရီးများသည် ကန့်သတ်ထားသော နေရာများတွင် စက်လှေကားများကို ပိုမိုတပ်ဆင်နိုင်စေမည် ဖြစ်ပါသည်။

သာမန်ဒီဇိုင်းများတွင် လက်ရမ်းမှန်၏ အပြင်ဖက်အစွန်းများကို ဖုံးကွယ် ပေးသော အပိုင်းများသည် ထင်ရှားစွာမြင်နိုင်ပါသည်။ TX စီးရီးတွင် ထိုအပိုင်းများကို သေးငယ်ထားသည်။ အလင်းစနစ် တပ်ဆင်နိုင်မည့်နေရာများကို တိုးချဲ့ထားပြီး လက်ရမ်းပတ်လည် နေရာအားလုံး ထွန်းလင်းစေရန် အလင်းတိုးမြှင့်မှု လုပ်ဆောင်နိုင်မည် ဖြစ်သည်။

သာမန်ဒီဇိုင်းများနှင့် နှိုင်းယှဉ်ပါက TX စီးရီး၏ လက်ကိုင် ဝင်ရောက်ရာနေရာသည် အနည်းငယ် ကွေ့ကောက်သော သို့မဟုတ် ငေါ်ထွက်နေသော ပုံစံဖြင့် ရိုးစင်းအောင် ပြုလုပ်ထားသည်။



စက်လှေကား၏ ဘေးဖက်များသည် အလယ်ထက် ၈မီလီမီတာ ပိုမြင့်သည်။ ခြေနင်းနေရာများတွင် အမွေးများတပ်ဆင်ထားပြီး အသုံးပြုသူကို နံရံနှင့်ခြေထောက် ထိနေကြောင်း သတိပေးနိုင်သည်။

စက်လှေကားဝင်ပေါက် ထွက်ပေါက်ခြေနင်းများကို အထူးပြုလုပ်ထားသော မျက်နှာပြင် တပ်ဆင်ထားသည်။

စက်လှေကား၏ အတိုင်းအတာကို သာမာန်ဒီဇိုင်းများထက် ၁၅၀မီလီမီတာ တိုထားပြီး အကန်အသတ်ရှိသော နေရာများတွင် တပ်ဆင်နိုင်မည်ဖြစ်သည်။

*1 တရုတ်နိုင်ငံတွင် ဟီတာချီသည် ၂၀၁၇ ဇွန်လမှစတင်၍ TXစီးရီးစက်လှေကားကို စတင်ရောင်းချခဲ့သည်။
*2 TX စီးရီး၏ ပုံစံဟောင်းဖြစ်သော တရုတ်နိုင်ငံတွင် ထုတ်လုပ်သည့် SX စီးရီး
*3 စက်လှေကား တပ်ဆင်ရာတွင် စက်လှေကား အပေါ်ဖက်နှင့် အောက်ဖက်ရှိ မီးအလင်းရောင်ကြားမှ အတိုင်းအတာ

## ■TX Series ၏ အချက်အလက်များ

| လက်ရမ်းအကျယ် (လှေကားအကျယ်) | မြင့်တက်သည့် ထောင့်ပမာဏ | အမြန်နှုန်း |
|---|---|---|
| ၁၂၀၀ မီလီမီတာ (၁၀၀၀ မီလီမီတာ),<br>၁၀၀၀ မီလီမီတာ (၈၀၀ မီလီမီတာ) | ၃၀ ဒီဂရီ၊ ၃၅ ဒီဂရီ | တစ်မိနစ်လျှင် မီတာ ၃၀ |

## About Hitachi, Ltd.

Hitachi, Ltd. (TSE: 6501), သည် ဂျပန်နိုင်ငံ တိုကျိုမြို့တွင် အခြေစိုက်ပြီး လူ့အဖွဲ့အစည်း၏ စိန်ခေါ်မှုများအတွက် အတွေးအခေါ်နှင့် နည်းလမ်းသစ်များကို ဖြည့်စည်းပေးလျက်ရှိသည်။ ကုမ္ပဏီသည် ၂၀၁၆ ဘဏ္ဍာရေးနှစ် (၂၀၁၇ မတ်လ ၃၁ရက်တွင် ကုန်ဆုံးသည်) အတွက် စုစုပေါင်းအခွန် ယန်းငွေ ၉,၁၆၂.၂ ဘီလီယံ (အမေရိကန်ဒေါ်လာ ၈၁.၈ ဘီလီယံ) ပေးဆောင်ခဲ့ပြီးဖြစ်သည်။ Hitachi အဖွဲ့သည် Social Innovation Business အတွက် ကမ္ဘာလုံးဆိုင်ရာ ဦးဆောင် ကုမ္ပဏီတစ်ခုဖြစ်ပြီး ကမ္ဘာအနှံ့တွင် ဝန်ထမ်းပေါင်း (၃၀၄,၀၀၀)ဦး ခန့်အပ်ထားပြီးဖြစ်သည်။ ပူးပေါင်းဖန်တီး မှုများမှတဆင့် Hitachi သည် ဖောက်သည်များအတွက် စွမ်းအား/စွမ်းအင်၊ စက်ရုံ/ဖြန့်ချိရေး/ရေ၊ မြို့ပြဖွံ့ဖြိုးရေးနှင့် ဘဏ္ဍာရေး/အစိုးရနှင့် လူထုဆက်ဆံရေး/ကျန်းမာရေးစောင့်ရှောက်မှု တို့အပါအဝင် ကျယ်ပြန့်သော ကဏ္ဍများအတွက် ဖြေရှင်းနည်းများကို ထောက်ပံ့ပေးလျက်ရှိသည်။ Hitachi နှင့်ပတ်သက်သော အသေးစိတ်အချက်အလက်များအတွက် ကုမ္ပဏီ၏ ဝက်ဘ်ဆိုဒ်ဖြစ်သော http://www.hitachi.com တွင် ဝင်ရောက်လေ့လာနိုင်ပါသည်။

###